ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

ဒုတိယနေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )**

**[အင်္ဂါနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ အတွင်းရှိ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံအတွက် ဆေးခန်းသုံးပစ္စည်းများ၊ ဆေးဝါးများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် ဆေးရုံအတွင်း တာဝန်ထမ်းဆောင်မည့် ဆေးရုံဝန်ထမ်းများ အချိန်မီချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က လာရောက်ကုသမှုခံယူသည့် အတွင်းလူနာများအပေါ် မူတည်ပြီး ဆေးဝါးများလိုအပ်၍ ထပ်မံတောင်းခံလာပါက ရခိုင်ပြည်နယ်၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှူးနှင့် ရန်ကုန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းစက်ရုံတို့ ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ခ) ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် မိုးလုံလေလုံ အားကစားရုံတစ်ခုစီ ခွင့်ပြုချထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုနိုင်မှု အပေါ် မူတည်၍ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားချက်၌ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၏ ပြန်ကြားချက်အား ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖဲဖိုင်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ကျန်းမာရေး

လူ့စွမ်းအားအရင်းအမြစ်ကို လုံလောက်စွာဖြည့်ဆည်းပြီးပါက ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံသို့ တိုးမြှင့်ပေးခြင်းကို အလေးပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ဃ) ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် လစ်လပ်နေသော လက်ထောက်ဆရာဝန်များ ထပ်မံခန့်ထားပေးရန်နှင့် ကူမဲမြို့ ၂၅ ခုတင်ဆံ့ဆေးရုံတွင်လိုအပ်နေသော ဆရာဝန်များ ခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ လက်ထောက်ဆရာဝန်များ ခန့်ထားပေးရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် မြစ်သားမြို့နယ်ဆေးရုံမှ တာဝန်ကျ ဆရာဝန်များအား အခါအားလျော်စွာတွဲဖက်တာဝန်ထမ်းဆောင်စေရန် စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(င) ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ယခင် ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်မူဘောင်ကို ဖြေလျှော့၍ ကျေးလက် ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် တိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က သတ်မှတ်ချက်မူဘောင်များကို ဖြေလျှော့၍ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကျန်းမာရေးဌာနများ၏ လွှမ်းခြုံစောင့်ရှောက်နိုင်မှုမှာလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ဥပဒေကြမ်းဆွေးနွေးခြင်း**

၃။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးသည်။

၄။ အစည်းအဝေးကို ၁၀း၅၈ နာရီအချိန်တွင် ရပ်နားပြီး တတိယနေ့ အစည်းအဝေးကို ၁၄ -၁၁-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**